FMI
PART OF THE YOMA GROUP

**- ပြောင်းလဲနိုင်သော ဈေးငွေ ရရှိခြင်း**
**- အလုပ်အမှုဆောင် မဟုတ်သော ဒါရိုက်တာ ခန့်အပ်ခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့ (န်) အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ လီမိတက် ("**ကုမ္ပဏီ**" နှင့် ၎င်း ၏ လက်အောက်ခံ ကုမ္ပဏီခွဲ များ စုပေါင်း၍ "**ကုမ္ပဏီအုပ်စု**") ဒါရိုက်တာအဖွဲ့သည် အောက်ပါအချက်များကို အသိပေးကြေငြာလိုပါသည်။

(က) ပြောင်းလဲနိုင်သော ဈေးငွေ ရရှိခြင်း

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်းနှင့် ပတ်သက်သည့် ကြေငြာချက် ("**မူလကြေငြာချက်**") ကို ရည်ညွှန်း၍ ဆက်လက် ထုတ်ပြန်ခြင်း ဖြစ်ပါသည်။ ဤကြေငြာချက်တွင် အသစ်ထပ်မံ ဖွင့်ဆိုခြင်း မရှိပါက ဤကြေငြာချက်ပါ စကားရပ်များသည် ယခင်ကြေငြာချက်ပါ စကားရပ်များအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုရမည် ဖြစ်ပါသည်။

မူလကြေငြာချက်၏ နောက်ဆက်တွဲ အနေဖြင့် ပြောင်းလဲနိုင်သော ဈေးငွေသဘောတူညီချက်ပါ ဖြည့်ဆည်းရမည့် အချက်အလက်များ ပြီးပြည့်စုံသွားသည့်အတွက် ယနေ့တွင် ဈေးငွေ ငွေသားအပြည့်အဝ ရရှိပြီး ဖြစ်ကြောင်း ဒါရိုက်တာအဖွဲ့က အသိပေး ကြေငြာအပ်ပါသည်။

(ခ) အလုပ်အမှုဆောင် မဟုတ်သော ဒါရိုက်တာ ခန့်အပ်ခြင်း

ထို့အပြင် ယနေ့မှ စတင် Mr. Fernando Zobel de Ayala အား ကုမ္ပဏီ၏ အလုပ်အမှုဆောင် မဟုတ်သော ဒါရိုက်တာအဖြစ် ခန့်အပ် ပြီးဖြစ်ကြောင်းကိုလည်း အသိပေးကြေငြာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm